မှန်‌သောစကားကိုသာ‌ ပြောဆိုခြင်းအားလက်ကိုင်ထားရန်အသင်တို့အ‌ပေါ်၌တာဝန်ရှိသည်။မှန်‌သောစကားကိုသာ‌ပြောဆိုခြင်းက ကောင်းမှုဘက်သို့လမ်းပြ‌ပေးသည်။ ကောင်းမှုသည် ဂျန္နသ်ဘက်သို့

လမ်းပြ‌ပေးသည်။

အဗ်ဒုလ္လာဟ် ဗင်န်မတ်စ်အူဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ မှန်‌သောစကားကိုသာ‌ ပြောဆိုခြင်းအားလက်ကိုင်ထားရန်အသင်တို့အ‌ပေါ်၌တာဝန်ရှိသည်။ မှန်‌သောစကားကိုသာ‌ပြောဆိုခြင်းက
ကောင်းမှုဘက်သို့ လမ်းပြ‌ပေးသည်။ ကောင်းမှုသည် ဂျန္နသ်ဘက်သို့ လမ်းပြ‌ပေးသည်။
လူတစ်ဦးသည် အမှန်ကိုပြောဆိုရင်း၊ အမှန်ကိုသာရှာဖွေရင်းနောက်ဆုံးတွင်သူသည်အလ္လာဟ်အရှင်မြတ်ထံ‌တော်ပါးတွင် အလွန်မှန်ကန်သူ ဖြစ်သွားသည်။
အသင်တို့သည် မုသားပြောခြင်းမှရှောင်ကြဉ်ကြကုန်။ မုသားသည် မကောင်းမှုဘက်သို့
လမ်းပြပေးသည်။ မကောင်းမှုသည် ဂျဟန္နမ်ငရဲဘက်သို့ လမ်းပြ‌ပေးသည်။ လူတစ်ဦးသည်
မုသားပြောရင်း၊ မုသားကို ရှာဖွေရင်း နောက်ဆုံးတွင် သူသည်အလ္လာ့ဟ်အရှင်မြတ်ထံ‌တော်၌အလွန်မုသားပြောသူဟုရေးမှတ်ခြင်းခံရပေသည်။”
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မှန်‌သောစကားကိုသာ‌ ပြောဆိုရန်အမိန့်‌ပေးထားသည်။ မှန်‌သောစကားကိုသာ‌ စွဲမြဲစွာပြောဆိုခြင်းကထာဝရတည်ရှိမည့်ကောင်းမှုဆီသို့ပို့‌ ဆောင်ပေးသည်။ကောင်းမှုကိုစွဲမြဲစွာပြုလုပ်သူအား ယင်းကောင်းမှုက ဂျန္နသ်ဘက်သို့ပို့ဆောင်ပေးသည်။ သိသာသည်ဖြစ်စေ၊ မသိသာသည်ဖြစ်စေ မှန်သောစကားကိုသာထပ်တလဲလဲပြောဆိုလျက်ရှိရာ
အလွန်ပင်မှန်သောစကားပြောဆိုသူဟူသည့်အမည်နှင့်ထိုက်တန်သွားသည်။ ထို့နောက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မုသားပြောခြင်း၊ မှားယွင်းသည့်စကားကိုပြောခြင်းမှတားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် မုသားသည်ဖြောင့်မတ်မှန်ကန်စွာရပ်တည်ခြင်းမှ မကောင်းသောလုပ်ရပ်နှင့်အကုသိုလ်များဘက်သို့ယိမ်းယိုင်စေသည်။ တဖန် ဂျဟန္နမ်ငရဲမီးသို့လည်းပို့ဆောင်ပေးသည်။ ထို့ပြင်မုသားပြောသူသည် များစွာမုသားပြောဆိုမှုကြောင့် အလ္လာဟ်အရှင်မြတ်ထံတော်ပါးတွင်အလွန်ပင်မုသားပြောသူဟုသတ်မှတ်ခြင်းခံရလေတော့သည်။

https://sunnah.global/hadeeth/my/show/5504


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee